# အရေးပေါ်စီမံမှုအက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇။] (၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန်တာဝန် ဝတ္တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော်လက်နက်ကိုင် စစ်တပ်အစည်းအရုံးများ၏၊ သို့တည်းမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့များ၏ ချီတက်သွားလာခြင်း၊ အရေအတွက်၊ အကြောင်းချင်းရာ၊ အခြေအနေ၊ သို့တည်းမဟုတ် အနေအထားတို့ကိုဖြစ်စေ၊ အဆိုပါ အစည်းအရုံးအဖွဲ့များ၏ ဆောင်ရွက်ရေးအစီအစဉ်များကိုဖြစ်စေ၊ အဆိုပါအစည်းအရုံးအဖွဲ့တို့က မည်သည့်ဒေသကိုမဆို၊ ခုခံကာကွယ်ရန်ရည်ရွယ်၍သော်၎င်း၊ ခုခံကာကွယ်ရေးနှင့် ပတ်သက်၍သော်၎င်း၊ ပြုလုပ်ဆောင်ရွက်ခြင်းများကိုဖြစ်စေ၊ နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သူတဦးတယောက်သို့၊ မည်သူမဆို အကြောင်းကြားလျှင်၊ သို့တည်းမဟုတ် ဤသို့အကြောင်းကြားရန် ရည်ရွယ်၍အဆိုပါ ကိစ္စ အရပ်ရပ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှာဖွေစုဆောင်းလျှင်၊ သို့တည်းမဟုတ် ရှာဖွေစုဆောင်းရန် လုံ့လပြုလျှင်၊ ထိုသူအားသေဒဏ်၊ သို့တည်းမဟုတ် တသက်တကျွန်းဒဏ်ထိုက်သင့်စေရမည်။

၃။ ။ မည်သူမဆို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ်တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော်လက်နက်ကိုင်စစ်တပ်အစည်းအရုံးများ၏၊ သို့တည်းမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့များ၏ ဆောင်ရွက်မှုအောင်မြင်ရေးကို၊ နှောင့်နှေးစေရန်သော်၎င်း၊ ပျက်ပြားစေရန်သော်၎င်း၊ အကြောင်းရှိသည့် အမှုတရပ်ရပ်ကို ကြံရွယ်၍ပြုမူဆောင်ရွက်လျှင်၊ ထိုသူအားသေဒဏ်၊ သို့တည်းမဟုတ် တသက်တကျွန်းဒဏ် ထိုက်သင့် စေရမည်။

၄။ ။ နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ခဲ့သူအား၊ သို့တည်းမဟုတ် ကျူးလွန်ဆဲဖြစ်သူအား ကူညီရန်ကြံရွယ်၍ဖြစ်စေ၊ ကူညီရာရောက်စေမည်ဟု သိလျက်နှင့်ဖြစ်စေ၊ မည်သူမဆို—

(က) မီးရထားလမ်းကိုဖြစ်စေ၊ ဥမင်ကိုဖြစ်စေ၊ မီးရထားသွားလာမှုကိုဖြစ်စေ၊ အနှောင့်အရှက်ပြုလျှင်၊ သို့တည်းမဟုတ်

(ခ) မီးရထားလမ်းများ၊ ဥမင်များနှင့်ပတ်သက်သော ဝတ္ထုပစ္စည်းတရပ်ရပ်ကို ပျက်စီးစေလျှင်၊ သို့တည်းမဟုတ်

(ဂ) အစိုးရပိုင်ဝိုင်ယာလက်၊ သို့တည်းမဟုတ် ကြေးနန်းဆက်သွယ်ရေး၊ သို့တည်းမဟုတ် စကားပြောကြေးနန်းဆိုင်ရာ ကြိုးတိုင်ကိုဖြစ်စေ၊ တိုင်ကိရိယာကိုဖြစ်စေ၊ အခြား ဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ပျက်စီးစေလျှင်၊ သို့တည်းမဟုတ် အနှောင့်အရှက်ပြုလျှင်၊ သို့တည်းမဟုတ်

(ဃ) ကြေးနန်း၊ သို့တည်းမဟုတ် စကားပြောကြေးနန်းဖြင့် ပေးပို့သောသတင်းစကားကို ကြားဖြတ်၍ ဖတ်ရှု နားထောင်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ ဝတ္ထုပစ္စည်းတခုခုကို ပျက်စီးစေလျှင်၊ သို့တည်းမဟုတ် အနှောင့်အယှက်ပြုလျှင်၊ သို့တည်းမဟုတ် ဖြတ်တောက်လျှင်၊ သို့တည်းမဟုတ်

(င) လေယာဉ်ပျံ၊ လေယာဉ်ပျံကွင်း၊ သို့တည်းမဟုတ် လေကြောင်းသွားလာရေးနှင့် ပတ်သက်သော ကိရိယာတန်ဆာပလာ ဝတ္ထုပစ္စည်း တခုခုကို ပျက်စီးစေလျှင်၊ သို့တည်း မဟုတ် အနှောင့်ရှက်ပြုလျှင်–

ထိုသူအား သေဒဏ်ဖြစ်စေ၊ တသက်တကျွန်းပို့ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

၅။ ။ (က) ပြည်ထောင်စု လက်နက်ကိုင်စစ်တပ် အစည်းအရုံးများက၊ သို့တည်းမဟုတ် အစိုးရ အရာထမ်းအမှုထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်သော်၎င်း၊ စည်းကမ်း ဖီဆန်ရန်သော်၎င်း၊ သစ္စာမဲ့ရန်သော်၎င်း၊ ထိုသူတို့သစ္စာစောင့်ထိန်းမှု၊ စိတ်ဓါတ်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ လေ့ကျင့်မှု၊ သို့တည်းမဟုတ် ဝတ်တရား ဆောင်ရွက်မှုကို ယုတ်လျော့စေရန် ထိခိုက်စေရန်၊ တားမြစ်စေရန်၊ အနှောင့်အရှက် ပြုစေရန်၊ ပျက်စီးစေရန် ကြံရွယ်လျက် တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကို ပြုလျှင်၊

[၁၁](ခ) ပြည်ထောင်စု လက်နက်ကိုင် စစ်တပ်အစည်းအရုံးဝင် တဦးဦးအား၊ သို့တည်းမဟုတ် အစိုးရအရာထမ်း အမှုထမ်း တဦးဦးအား၊ သက်ဆိုင်ရာ မိမိ၏ဝတ်တရားကို ကျေပွန်စွာ မဆောင်ရွက်စေရန်ဖြစ်စေ၊ ထိုသူ၏ဝတ်တရားဆောင်ရွက်ရာတွင် ပျက်ကွက်အောင် သွေးဆောင်ရန်၊ သို့တည်းမဟုတ် တိုက်တွန်းရန်ဖြစ်စေ ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်ရန်အကြောင်းရှိသောအမှုကိုပြုလျှင်၊

(ဂ) ပြည်ထောင်စု လက်နက်ကိုင်စစ်တပ် အစည်းအရုံးများ၊ ရာဇဝတ် အမှုထမ်းအဖွဲ့များ၊ မီးသတ်အဖွဲ့များ၊ သို့တည်းမဟုတ် အစိုးရ ရာထမ်းမှုထမ်းအဖြစ်ဖြင့် စာရင်းသွင်းထားသော၊ သို့တည်းမဟုတ် လုပ်ကိုင်ဆောင်ရွက်သော အခြားအဖွဲ့များအတွက်၊ အဖွဲ့ဝင် စုဆောင်းသိမ်းသွင်းခြင်းကို ထိခိုက်စေရန်၊ သို့တည်းမဟုတ် ထိုအဖွဲ့ဝင်များ အလုပ် ဆောင်ရွက်ခြင်းကို ထိခိုက်စေရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဃ) မမှန်ဟုသိလျက်နှင့်၊ သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်းရှိ လျက်နှင့် မမှန်သတင်း လွှင့်ရန် ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင်၊ လိုအပ်သော သယ်ယူပို့ဆောင်မှုကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ စစ်သုံးလက်နက်ခဲယမ်းမီးကျောက်ကိုပြုလုပ်ခြင်း၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်ခြင်းကိုဖြစ်စေ၊ မရှိမဖြစ်သော ပစ္စည်းများ ပေးသွင်းထောက်ပံ့ခြင်း၊ သို့တည်းမဟုတ် ဖြန့်ဖြူးခြင်းကိုဖြစ်စေ ဟန့်တားရန်သော်၎င်း၊ နှောင့်နှေးစေရန်သော်၎င်း၊ ချုတ်ချယ်ရန်သောဝင်း၊ ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသိုညဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဆ) စစ်သုံးလက်နက် ခဲယမ်းမီးကျောက်ကို လုံးလုံးဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ထိရောက်စွာ အသုံးပြု၍ မရအောင်သော်၎င်း၊ ဘေးအန္တရာယ် ဖြစ်အောင်သော်၎င်း၊ ထိုလက်နက်ခဲယမ်းမီးကျောက် ပြုလုပ်ရာ၌ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာ၌ဖြစ်စေ ပါဝင်လုပ်ကိုင်သော၊ သို့တည်းမဟုတ် အသုံးပြုသောသူကို၊ ဘေးဖြစ်စေအောင်သော်၎င်း၊ ဘေးပွါးများစေအောင်သော်၎င်း၊ ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်၊

(ဇ) နိုင်ငံတော်၏ ဘောဂဗလ၌သော်၎င်း၊ အစိုးရ ချေးယူငွေ၌သော်၎င်း၊ အစိုးရ၏ အာမခံ၌သော်၎င်း၊ ပြည်ထောင်စုနိုင်ငံတဝှန်းလုံး၌ဖြစ်စေ၊ တစိတ်တဒေသ၌ဖြစ်စေ၊ တရားဝင် ငွေစက္ကူ၌သော်၎င်း၊ ဒင်္ဂါး၌သော်၎င်း၊ ပြည်သူတို့၏ အယုံအကြည် ပျက်ပြားစေရန်၊ သို့တည်းမဟုတ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်စိမ့် သောငှါ၊ အစိုးရက ပြုလုပ်သော ဘဏ္ဍာရေးဆောင်ရွက်ချက် အောင်မြင်မှုကိုဖြစ်စေ၊ စီမံချက်

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၂ အရ အစားထည့်သွင်းသည်။

အောင်မြင်မှုကိုဖြစ်စေ၊ ထိခိုက်စေရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်၊

(ဈ) ပြည်ထောင်စု၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရအားသော်၎င်း၊ ဒေသန္တရအာဏာပိုင် အဖွဲ့အားသော်၎င်း ပေးရမည် ဖြစ်သော၊ သို့တည်းမဟုတ် ဥပဒေအရဖြစ်စေ၊ ဥပဒေ အကျိုးအာဏာ သက်ရောက်သော ဓလေ့ထုံးစံအရဖြစ်စေ ပေးရမည်ဖြစ်သော မြေခွန် တော်၊ အခွန်တော်၊ နှုန်းခွန်း၊ ခိုင်ကြေး၊ အခြားပေးဆောင်စရာ ငွေတခုခုကို မပေးမဆောင် ငြင်းဆန်အောင်ဖြစ်စေ၊ ပေးဆောင်ခြင်းကို ရွှေ့ဆိုင်းအောင်ဖြစ်စေ၊ လူတဦး တယောက်ကို၊ သို့တည်းမဟုတ် လူမျိုးစားထခုခုကို၊ သို့တည်းမဟုတ် အများပြည်သူကို အားပေးရန်သော်၎င်း၊ လှုံ့ဆော်ရန်သော်၎င်း၊ ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်း မဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်၊

(ည) ပြည်ထောင်စု၏လုံခြုံရေးကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်၎င်း၊ ထိခိုက်စေရန် အကြောင်းရှိသောနည်းလမ်းဖြင့်၊ အများပြည်သူ၏၊ သို့တည်းမဟုတ် ပြည်သူတစု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖေါက်လွှဲဖေါက်ပြန် ဖြစ် စေရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိ သောအမှုကိုပြုလျှင်၊

(ဋ ) အစိုးရရာထမ်းမှုထမ်းများကိုဖြစ်စေ၊ အစိုးရရာထမ်းမှုထမ်းအမျိုးအစားတခုကိုဖြစ်စေ၊ အစိုးရရာထမ်းမှုထမ်း တဦးတယောက်ကိုဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သော လက်ရုံးအားဖြင့် ခုခံဖီဆန်အောင် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ လှုံ့ဆော်ရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဌ) လက်နက်ဥပဒေ၊ ပေါက်ကွဲတတ်သော ခဲယမ်းမီးကျောက် အက်ဥပဒေ၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေကိုဖြစ်စေ၊ ထိုအက်ဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေကိုဖြစ်စေ ကျူးလွန်အောင်၊ သို့တည်းမဟုတ် ကျူးလွန် သောပြစ်မှုကို အားပေးကူညီအောင်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လှုံ့ဆော်ရန် ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှု ကိုပြုလျှင်၊

(ဍ ) တရားဥပဒေ လမ်းကြောင်းအတိုင်း မလိုက်နာမဆောင်ရွက်ခုခံအောင်သော်၎င်း၊ လိုက် နာဆောင်ရွက်ခြင်းမှ ရှောင်ရှားအောင်သော်၎င်း၊ တရားစီရင်ဆောင်ရွက်မှုကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားအောင် ပြုမူကိုဖြစ်စေ၊ အနှောင့်အရှက် ဖြစ်စေအောင်သော်၎င်း၊ အပိုဒ် (ဈ) ၌ ဖေါ်ပြထားသောပေးဆောင်စရာငွေများကို မပေးမဆောင် ငြင်းဆန်အောင်သော်၎င်း၊ ပေးဆောင်ခြင်းကို ရွှေ့ဆိုင်းအောင်သော်၎င်း၊ ပြုသောအစီအစဉ်ကိုဖြစ်စေ၊ ပြုမူဆောင်ရွက်ချက်ကိုဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အားပေးရန်၊ လှုံ့ဆော် ရန်၊ ပြင်ဆင်ရန်၊ သို့တည်းမဟုတ် သဘောတူကြောင်းဖေါ်ပြရန်၊ သို့တည်းမဟုတ် ထိုအစီအစဉ်ကိုဖြစ်စေ၊ ထိုပြုမူဆောင်ရွက်ချက်ကိုဖြစ်စေ၊ ဖြစ်မြောက်တိုးတက်စေရေး အတွက်၊ လူသူစုဆောင်း သိမ်းသွင်းအောင်၊ ငွေကောက်ခံစုဆောင်းအောင်၊ သို့တည်းမဟုတ် ထိုသို့ငွေကောက်ခံစုဆောင်းရေးအတွက် ပြင်ဆင်အောင်၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အားပေးရန်၊ လှုံ့ဆော်ရန်၊ ပြင်ဆင်ရန်၊ သို့တည်းမဟုတ် သဘော တူကြောင်းဖေါ်ပြရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်–

ထိုသူအား ခုနစ်နှစ်အထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်လုံးသော်၎င်း ထိုက်သင့်စေရမည်။

[1]၅ – က။ ။ မည်သူမဆိုသိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ၊ ပြည်ထောင်စု နိုင်ငံတော် လက်နက်ကိုင်စစ်တပ် အစည်းအရုံးဝင် တဦးဦးအား၊ စည်းကမ်းဖီဆန်အောင်၊ သစ္စာမဲ့အောင်၊ သို့တည်းမဟုတ် ပုန်ကန်အောင်၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားကို မဆောင်ရွက်ဘဲနေအောင် အကြံဥာဏ်ပေးသည့်၊

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ ၄၂ အရထည့်သွင်းသည်။

သို့တည်းမဟုတ် တိုက်တွန်းသည့် လက်ရေးစာရွက် စာတမ်းကိုဖြစ်စေ၊ ပုံနှိပ်စာရွက်စာတမ်းကိုဖြစ်စေ ပုံနှိပ်လျှင်၊ တည်းဖြတ်လျှင်၊ ထုတ်ဝေလျှင်၊ ပေးအပ်လျှင်၊ ရောင်းလျှင်၊ ဝေငှလျှင်၊ သို့တည်းမဟုတ် အများမြင်သာအောင် ပြထားလျှင်၊ ထိုသူသည် အနည်းဆုံးသုံးနှစ် အများဆုံးဆယ်နှစ်ထိအောင် ထောင်ဒဏ်ကိုစီရင်ခြင်းခံရမည့်အပြင်၊ ငွေဒဏ်ကိုလည်း စီရင်ခြင်းခံရမည်။

၆။ ။ မည်သူမဆို—

(က) အစိုးရကိစ္စအတွက် အသုံးပြုသော၊ သို့တည်းမဟုတ် အသုံးပြုရန်ကြံရွယ်သော အဆောက်အအုံ၏၊ ယာဉ်၏၊ စက်၏၊ ကိရိယာတန်ဆာပလာ၏၊ သို့တည်းမဟုတ် အခြားပစ္စည်းများ၏၊

(ခ) လမ်း၊ တံတား၊ လမ်းကူးမြောင်း၊ တာလမ်းမြင့်၊ ဆိပ်ကမ်း၊ သို့တည်းမဟုတ် သင်္ဘောကျင်း၏၊

(ဂ) မရှိမဖြစ်သောပစ္စည်းပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သို့တည်းမဟုတ် ပေးသွင်း ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသော အဆောက်အအုံ၏၊ သို့တည်း မဟုတ် အခြားအရာဝတ္ထု၏၊ သို့တည်းမဟုတ် အလုပ်ရုံ၏၊

(ဃ) တားမြစ်ထားသောနေရာ၏၊ သို့တည်းမဟုတ် ကာကွယ်စောင့်ရှောက်ထား သော နေရာ၏၊

(င) ရေပေးအလုပ်ကိရိယာ၏၊ ရေပိုက်အဆက်အသွယ်၏၊ သို့တည်းမဟုတ် ရေပေးသွင်းသောအလုပ်နှင့် စပ်လျဉ်းသည့်စက်၏၊ စက်ကိရိယာ၏၊ သို့မဟုတ် အခြားအရာ၏၊

ဂုဏ်သတ္တိအကျိုး အာနိသင်တို့ကို ယုတ်လျော့စေရန်၊ ဟန့်တားရန်၊ သို့တည်းမဟုတ် ပျက်စီး စေရန်ကြံရွယ်၍ တခုခုလုပ်လျှင်၊ ထိုသူအား ခုနစ်နှစ်အထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်လုံးသော်၎င်း ထိုက် သင့်စေရမည်။

၇။ ။ မည်သူမဆို—

(က) သောက်သုံးသောရေကို အဆိပ်ခပ်လျှင်၊ သို့တည်းမဟုတ် အဆိပ်ဖြစ်စေတတ်သော အမှုကိုပြုလျှင်–

(ခ) ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးများကပိုင်သော၊ သို့တည်း မဟုတ် ထိုအစည်းအရုံးများသို့ ပေးအပ်ရန်ရည်ရွယ်ထားသော ကိရိယာ တန်ဆာပလာကို၊ သို့တည်းမဟုတ် အခြားပစ္စည်းကို အနှောင့်အရှက် ပြုလျှင်၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ်အခွင့်မရဘဲအခြားသို့ ရွှေ့ပြောင်းလျှင်–

ထိုသူအား ခုနစ်နှစ်အထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း ထိုက်သင့်စေရမည်။

၈။ ။ ၁၉၄၈ ခုနှစ်၊ အရေးပေါ်စီမံမှုတချက်လွှတ်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်သည်။

| | |
|---|---|
| Filename: | epa_b |
| Directory: | C:\BLC Website\MS word\Law |
| Template: | C:\WINDOWS\Application Data\Microsoft\Templates\Normal.dot |
| Title: | ta&;ay:pDrHr_tufOya' |
| Subject: | |
| Author: | Alfred |
| Keywords: | |
| Comments: | |
| Creation Date: | 11/3/04 13:58 |
| Change Number: | 7 |
| Last Saved On: | 11/3/04 14:45 |
| Last Saved By: | Alfred |
| Total Editing Time: | 44 Minutes |
| Last Printed On: | 11/3/04 14:47 |
| As of Last Complete Printing | |
| Number of Pages: | 4 |
| Number of Words: | 1,425 (approx.) |
| Number of Characters: | 8,127 (approx.) |